နိဒါန်း

ကျွန်တော်တို့တစ်တွေ အချင်းချင်း ရန်ဖြစ်သောအခါ အာဝဇ္ဇန်းရွှင်ကြသည်။ သို့သော် ကိုယ့်အတွက်နှင့် ကိုယ် ရန်ဖြစ်သောအခါ ကဗျာဖြစ်လာသည်။

ယိ(တ်)(စ်)

(၁)

'ငါ နိဘယ်လ်တစ်ပုဒ် ရေးနေတယ်ကွ'

သူ့မိတ်ဆွေ ဝေဖန်ရေးဆရာ နီကိုလေစထရားခေါ်ဗ်ကို ၁၈၇၃ ခုနှစ် မေလ ၁၁ ရက်နေ့တွင် တော်လ်စတွိုင်းက ပြောလိုက်သည်။ သူက အင်နာကာရေနီနာဝတ္ထုကြီးကို ရည်ညွှန်းပြောလိုက်ခြင်း ဖြစ်၏။

'ငါ စရေးတာ တစ်လကျော်ပြီ။ ဇာတ်လမ်းအကျဉ်း ရေးပြီးပြီ။ ငါ့ဘဝမှာ ပထမဆုံးရေးဖြစ်တဲ့ နိဘယ်လ်ပဲ'

ထိုစဉ်က တော်လ်စတွိုင်း၏အသက်မှာ လေးဆယ့်ငါးနှစ်ရှိပြီ၊ သူ့စာရေးသက် နှစ်ဆယ်ရှိပြီ။ နာမည်ကျော်ဝတ္ထုတို အများအပြား ရေးပြီးပြီ။ The Snowstorm, Two Hussars, Three Deaths, The Wood Felling, Sebastopol Stories, Family Happiness စသည် စသည်များ။

နိဘယ်လ်ဟု သူခေါ်သည့် ဝတ္ထုရှည်ကြီးများလည်း ရေးခဲ့သည်။ ဥပမာ Childhood, Boyhood နှင့် Youth တို့ဖြစ်သည်။ သည်သုံးပုဒ်၏ ပထမပိုင်းကို The Contemporary အယ်ဒီတာ နီကိုလေနက်ကရာဆော့ဗ်ထံသို့ ပို့လိုက်သည့် နှစ်မှာ ၁၈၅၂ ခုဖြစ်သည်။ ၁၈၅၃ တွင် The Cossacks ကို ထုံ့ပိုင်း ထုံ့ပိုင်း ရေးသည်။ ၁၈၆၂ ခုနှစ်တွင်မှ ပြီးသည်။ သွေးနှင့် ချွေးနှင့် ရေးရသည်ဟု သူက ဆိုသည်။ တမူ ကြိုယူထားပြီး နှစ်တွေကြာသွားသည့်အတွက် အယ်ဒီတာ ကက်တ်ကော့ဗ်ကို သူက တောင်းပန်သည်။

၁၈၆၄ ခုနှစ်တွင် ကက်တ်ကော့ဗ်ဆီ စာတစ်စောင် ထပ်ရေးသည်။ ဇာဘုရင် အယ်လက်ဇန်းဒါးနှင့် နပိုလီယန်တို့ တိုက်ကြသည့် စစ်ပွဲကြီးကို နောက်ခံပြုပြီး ဝတ္ထုကြီးတစ်ပုဒ် ရေးနေကြောင်း အသိပေးသည့် စာဖြစ်သည်။ ယင်းဝတ္ထုကြီးကို ပထမ သူက The Year 1805 ဟု နာမည်ပေးထားသည်။ နောက်မှ War and Peace ဟု ပြင်လိုက်ခြင်း ဖြစ်သည်။

ဒါဆိုလျှင် ဘာကြောင့် Anna Karenina ကို သူ၏ ပထမဆုံး နိဘယ်လ်ပါဟု တော်လ်စတွိုင်း ပြောတာလဲ။

သူငယ်ဘဝ သုံးပိုင်းနှင့် Cossacks သည် အတ္ထုပ္ပတ္တိ ဝတ္ထုများဖြစ်သည်။ ကိုယ်တိုင်ရေး ဘဝနောက်ကြောင်းပြန်များ ဖြစ်သည်။ ဒါကြောင့် တော်လ်စတွိုင်းက နိဘယ်လ်စာရင်းထဲ မထည့်လိုခြင်း ဖြစ်ဟန်တူသည်။ ဒါဆို War and Peace (စစ်နှင့် ငြိမ်းချမ်းရေး) ကို ဘယ်လို သဘောထားမလဲ။ ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး၊ ပြီးပြည့်စုံဆုံးနှင့် အခမ်းနားဆုံး ဝတ္ထုကြီးကို နိဘယ်လ်ဟု မခေါ်ထိုက်ပေဘူးလား။

ပထမတွဲ ထွက်လာပြီး တော်လ်စတွိုင်းက သူ မဟာ "စစ်နှင့်ငြိမ်းချမ်းရေး" ကို နိဘယ်လ်စာရင်းတွင် မထည့်လိုသည့် အကြောင်းကို ပဟေဠိဆန်ဆန် ပြောဖူးသည်။ "စစ်နှင့် ငြိမ်းချမ်းရေး" က ဘာလဲ၊ နိဘယ်လ် မဟုတ်ဘူး။ ကဗျာလည်း မဟုတ်ဘူး။ သမိုင်းမှတ်တမ်းလည်း မဟုတ်ဘူး။ "စစ်နှင့်ငြိမ်းချမ်းရေး" ဟာ သူ့ဘာသာသူ ရှိနေတဲ့ သီးခြားပုံသဏ္ဌာန်မျိုးပဲ။

တော်လ်စတွိုင်းက တကယ့်နိဘယ်လ်သည် စိတ်ကူး ဝတ္ထုပုံသဏ္ဌာန်ထက် ပို၍ပြည့်စုံသော ဖြစ်ရပ်များကို ရေးဖွဲ့သည့် စကားပြေ ဖြစ်ရမည်ဟု ယုံကြည်ပုံရသည်။

ဆယ့်ကိုးရာစုခေတ် ရုရှားစာရေးဆရာများသည် တာ့ဂ်နက် (တူဂျီညက်) မှလွဲ၍ နိဘယ်လ်ကို နေ့စဉ်ဘဝမြင်ကွင်းများနှင့် ရေးဖွဲ့သည့် စကားပြေဟု ယူဆခဲ့ကြသည်။ ဂိုဂိုလ်က သူ၏ Dead Souls ကို 'နိဘယ်လ်လို ရှည်လျားပေမယ့် Dead Souls ဟာ ကဗျာ'ဟု ပြောခဲ့ဖူးသည်။ ဂိုဂိုလ်က ကဗျာကို နိဘယ်လ်နှင့် "ပျို့" ကြားမှ နေ့စဉ်ဘဝကို ထင်ဟပ်သည့် နှစ်မျိုးစပ် စာပေပုံသဏ္ဌာန်ဟု ထွင်လိုက်ခြင်းဖြစ်သည်။ ယင်းကို "လင်္ကာရှည်" သို့မဟုတ် "ပျို့အငယ်စား" ဟု သူက နာမည်ပေးသည်။ သူက နိဘယ်လ်ကို ပုံသေအကြောင်းအရာရှိသည့် စာပေပုံသဏ္ဌာန်ဟု ထင်သည်။ ဇာတ်ကောင်တွေ ပါရမည်၊ ပထမပိုင်းတွင် စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးရမည်။ အားလုံးသည် ဇာတ်လိုက်နှင့် နီးနွယ်နေရမည်။ နေ့စဉ် မိသားစုဘဝတွင် သူတို့ လှုပ်ရှားပုံကို ပြရမည်။ ဂိုဂိုလ်က သာမန်ဘဝ ဖြစ်စဉ်ကို စိတ်ဝင်စားသူ မဟုတ်ပေ။

ဒေါစတာယက်စကီကလည်း သူ့ဝတ္ထုများကို ကဗျာတွေပါဟု ပြောလေ့ရှိသည်။ ဝေဖန်ရေးဆရာအချို့ကတော့ ဒေါစတာယက်စကီ၏ ဝတ္ထုများကို "ကြေကွဲလွမ်းမောဖွယ် နိဘယ်လ်များ" ဟု ဖွင့်ဆိုသည်။ အချို့ကတော့ "သံစုံထွက်ခေသည့် နိဘယ်လ်များ" ဟု တင်စားကြသည်။ ချက်ကော့က နိဘယ်လ်ရေးဖို့ အကြိမ်ကြိမ် ကြိုးစားသည်။ သို့သော် သူ့တွင် ဝတ္ထုတို အထုံပါရမီသာပါသည်ဟု သူ့ကိုယ်သူ ထင်သည်။ အင်နာကာရေနီနာကို သူ၏ ပထမဆုံး နိဘယ်လ်ပါဟု တော်လ်စတွိုင်းက ဆိုခြင်းမှာ ဂိုဂိုလ်နှင့် အမြင်ချင်းတူသည်ဟု ဆိုရမည်။ အင်နာကာရေနီနာတွင် အဓိကဇာတ်ကောင် အနည်းငယ်သာ ပါသည်။ (နောက်ဆုံးပိုင်းတွင် အလွှာတူ သို့မဟုတ် သွေးသားစပ်နေသည့် ခုနစ်ယောက်သာ ကျန်တော့သည်။) အားလုံး ရုရှားအထက်တန်းလွှာမှ မင်းမျိုးမင်းနွယ်များ ဖြစ်သည်။

အင်နာကာရေနီနာသည် ၁၈၇၀ ပြည့်လွန်နှစ်များ၏ သာမန် ရုရှားလူ့ဘဝကို မိတ်ဆက်ပေးသည့် ဝတ္ထုဖြစ်သည်။ ထိုခေတ် ရုရှား၏ နေ့စဉ်ဘဝကို ထင်ဟပ်သည့် ဝတ္ထုဖြစ်သည်။ သူတို့ (ဇာတ်ကောင်များ) ၏ ပီတိသုခ၊ သူတို့၏ ဒုက္ခသုခ အားလုံးသည် ထိုခေတ် ရုရှားတွင် နေ့စဉ်ဖြစ်နေသည့် ဘဝအတွေ့အကြုံဖြစ်သည်။ ထူးဆန်းနေသည့် ဇာတ်ကောင်မှာ လီဗင် ဖြစ်သည်။

ဒေါစတာယက်စကီက သူ၏ Diary of a Writer (၁၈၇၇ ခုနှစ် ဖေဖော်ဝါရီလ) တွင် "မည်သို့ပင် ထူးဆန်းသည် ဆိုစေ၊ လီဗင်လို လူတွေ၊ အော့ဘလွန်စကီလို လူတွေ ရုရှားတွင် နေရာတကာမှာ တွေ့နိုင်သည်" ဟု ရေးခဲ့သည်။ တော်လ်စတွိုင်းက စာမျက်နှာရှစ်ရာကျော်ထဲမှ သူ့ဇာတ်ကောင်ပေါင်း များစွာ၏ လှုပ်ရှားမှုအားလုံးကို စာဖတ်သူများနှင့် တရင်းတနှီး ဖြစ်အောင် ကျွမ်းကျင်စွာ မိတ်ဆက်ပေးသည်။ သူက သာမန်ဘဝ လှုပ်ရှားမှုမျိုးကို ရေးဖွဲ့ချင်သူမဟုတ်။ "အင်နာ" ထွက်ပြီး ခြောက်နှစ်အကြာ သူ၏ နာမည်ကျော် ဝတ္ထုလတ် ပထမ စာကြောင်းတွင် "Ivan Ilyich ၏ ဘဝသည် အလွန်အလွန် ရိုးစင်းသော ဘဝဖြစ်သည်။ တစ်ပြိုင်တည်းတွင် အလွန်အလွန် ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော ဘဝလည်း ဖြစ်သည်" ဟု စ ထားသည်။

"အင်နာကာရေနီနာ" သည် သူ့ဝတ္ထုများထဲတွင် အငြင်းပွားရဆုံး ဝတ္ထုဖြစ်သည်။ အထူးသဖြင့် ၁၈၇၀ ပြည့်လွန်နှစ်များတွင် သည်လိုဝတ္ထုကြီး ထွက်လာခြင်းမှာ ရုရှားကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ဖီလာပြုလိုက်ခြင်းဖြစ်သည်။ ထိုစဉ်က မိသားစု ဘဝရေးရာဝတ္ထုများ ခေတ်မစားနေချိန်ဖြစ်သည်။ သည်လို အချစ်ဝတ္ထုများကို ပညာတတ်လူတန်းစားက တိုက်ခိုက်နေချိန် ဖြစ်သည်။ လွတ်လပ်စွာ အိမ်ထောင်ရေး ဖောက်ပြားခွင့်ကို အားပေးခြင်း၊ လက်မထပ်ဘဲ အတူနေခြင်း၊ ယင်းမှ မွေးဖွားလာသည့် ကလေးများ အရေး၊ အမျိုးသမီးများ ပညာသင်ကြားရေး၊ အမျိုးသမီးများ မဲထည့်ခွင့်ရှိရေး၊ အမျိုးသမီးများ၏ လူမှုဘဝ တာဝန်ဝိုင်း စသည် စသည်တို့ကို သတင်းစာများ၊ စာစောင်များတွင် စကားစစ်ထိုး နေကြချိန်ဖြစ်သည်။ သည်ပြဿနာများအတွက် စာရေးဆရာ ချာနီရှက်စကီက "What Is to Be Done" ဟုသည့် စာအုပ်တစ်အုပ်ပင် ရေးသားထုတ်ဝေခဲ့ရသည်။

သည်ကိစ္စနှင့် ပတ်သက်၍ တော်လ်စတွိုင်း၏အမြင်မှာ လုံးဝ လမ်းဟောင်းအတိုင်းဖြစ်သည်။ သူက မိန်းမဟူသည် ကလေး မွေးပေးရမည်၊ အိမ်ထောင်ကို ပျော်ရွှင်စေရမည်၊ ဒါထက် ဘာမှမပိုဟု သူက မြင်သည်။ အင်နာကာရေနီနာ သုံးသပ်ချက်ကို ပို့ချရာတွင် နာဘိုကော့ဗ်က 'လင်နဲ့မယား ကလေးရလာပြီဆိုရင် အဲဒီကလေးတွေက သူတို့ကို ချည်နှောင်လိုက်တာပဲ။ ဒါ ဘုရားသခင်ရဲ့ ထာဝရဥပဒေသပဲလို့ တော်လ်စတွိုင်းက ယုံကြည်တယ်' ဟု ရှင်းပြသည်။

စင်စစ် အင်နာကာရေနီနာသည် ရုရှားစာပေ လောကကိုရော၊ ရုရှားအတွေးအခေါ်နှင့် ထိုစဉ်က အင်အားကောင်းနေသော နတ္ထိကဝါဒကိုပါ စိန်ခေါ်လိုက်သည့် ဝတ္ထုကြီးဖြစ်သည်။

စာရေးဆရာ ကိုယ်စား လီဗင်ပြောသည့် စကားလုံးများ၊ တွေးသည့် အမြင်များ၊ ဝတ္ထုထဲမှ အမျိုးသမီးရေးရာ ကိစ္စများနှင့် ဆလပ်ဗ် ပြဿနာ ဝေဖန်ချက်များကြောင့် ရုရှားတစ်နိုင်ငံလုံး ပွက်လောရိုက်သွားသည်။ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ တော်လ်စတွိုင်း၏ အယူအဆများကြောင့် မြေပိုင်ရှင်နှင့် လယ်သမားကြားတွင်လည်း ပြဿနာတွေ တက်ကုန်တော့သည်။

နောက်ဆုံးအပိုင်းကို ထုတ်ဖို့ ထုတ်ဝေသူက ငြင်းသဖြင့် တော်လ်စတွိုင်းက သူ့ငွေဖြင့် စိုက်ထုတ်ခဲ့ရသည်။

တစ်နည်းဆိုရလျှင် အင်နာကာရေနီနာတွင် တော်လ်စတွိုင်းက ကြားခံနယ်မြေ ထည့်မထား၊ အလယ်အလတ်လမ်းစဉ်ကို ညွှန်မထား။ မစ်ဟိုင်းဘာက်တင် ပြောသလို "ရှုရှတဲ့ အဖွဲ့သဏ္ဌာန်နဲ့ အခြေအတင် အချီအချ ပြောဟန်ဖြင့် ရေးသွားခြင်း ဖြစ်သည်"။ အဓိပ္ပာယ်မှာ တော်လ်စတွိုင်းသည် သူ၏ ကိုယ်ပိုင်အတွေးအခေါ်ကို တင်ပြရာတွင် ဇာတ်ကောင်များနှင့် စာဖတ်ပရိသတ်၏ အမြင်ကိုပါ တင်ပြဖို့ အမြဲတမ်း သတိရှိနေသည်ကို ဆိုလိုခြင်း ဖြစ်သည်။

သူ့ရင်ထဲတွင် အမြဲတမ်း ပဋိပက္ခဖြစ်နေသည့် ပြဿနာများကို သူ့ပရိသတ်ရှေ့တွင် သူက တင်ပြနေခြင်း ဖြစ်သည်။

'အခြေအတင် စကားစစ်ထိုးပွဲတွေကို သူက ခွင်ကျကျ ထည့်သုံးတယ်၊ လင်္ကာဆန်တဲ့ အခန်းတွေ၊ ပျို့ဆန်တဲ့ အခန်းတွေမှာတောင် အဲဒီလို အခန်းတွေ သူ ထည့်တယ်၊ အဲဒါဟာ သူ့ရဲ့ဟန်ပဲ' ဟု ဘာက်တင်က မှတ်ချက်ချသည်။

တော်လ်စတွိုင်းသည် ပဋိပက္ခတွေ၊ ဇာတ်လမ်းအားပြိုင်မှုတွေကို သွယ်ဝိုက်စွာ သရုပ်ဖော်နိုင်ခြင်းကြောင့် ကျွန်တော်တို့၏ အာရုံကို ချက်ချင်းဖမ်းစားနိုင်ခြင်း ဖြစ်သည်။ သို့သော် တော်လ်စတွိုင်းက စာဖတ်သူအား သူ့အယူအဆတစ်ခုကို ခွဲခွဲမြဲမြဲ ဆုပ်ကိုင်ထားခွင့်မပြု။ စာရေးဆရာ တော်လ်စတွိုင်းက ဝိရောဓိတွေ လွှမ်းမိုးခံနေရသည့် တကယ့် လီယိုတော်လ်စတွိုင်း၏ လွှမ်းမိုးမှုကို မခံ။ ထို့ကြောင့် သူ့ဇာတ်ကောင်များ၏ ဝိရောဓိဖြစ်သော ဆုံးဖြတ်ချက်များကို သူကိုယ်တိုင် ပြန်၍ အံ့ဩရသည့် အဖြစ်များ ရှိခဲ့သည်။

ပွတ်ရှ်ကင်က သူ၏ Evgeny Onegin ဝတ္ထုမှ*မင်းသမီး တာတီယာနာအကြောင်းကို မင်းသမီးကြီး မက်ချာစကီအား 'တာတီယာနာက ဝမ်ကျင်းကို ငြင်းလိုက်တယ်ဆိုတော့များ။ သူ အဲဒီလို လုပ်လိမ့်မယ်လို့ ကျွန်တော် လုံးဝ မျှော်လင့်မထားဘူး' ဟု ပြောခဲ့ဖူးသည်။ သည်အဖြစ်ကို တော်လ်စတွိုင်း သိပ်သဘောကျသည်။ မင်းသမီးကြီးကိုယ်တိုင် သူ့ကို ပြန်ပြောပြခြင်း ဖြစ်သည်။

(၂)

အင်နာကာရေနီနာ ဇာတ်လမ်းအကျဉ်း ရေးပြီးပြီဟု စထရားခေါ်ဗ်ကို တော်လ်စတွိုင်း ပြောလိုက်ခြင်းမှာ မှားပြောခြင်းဖြစ်သည်။

သည့်ထက်စောသည့် စာတစ်စောင်ရှိသည်။ ၁၈၇၃ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ရေးပြီး ဘယ်တော့မှ မပို့ဖြစ်သည့် စာဖြစ်သည်။ စာထဲတွင် သူ့ဝတ္ထု စတင်ရေးပြီးမည့်အကြောင်း၊ အားရပါးရ ရေးထားသည်။ ထိုစာထဲမှ စိတ်ဝင်စားစရာ ကောင်းသည့်အချက်မှာ ဝတ္ထုစပုံအကြောင်းဖြစ်သည်။ ယင်းစာတွင် အချက်အလက် စုဆောင်းရသည်မှာ တစ်နှစ်ကျော် ကြာသည့်အကြောင်း ဖော်ပြထားသည်။ 'အချိန်ကာလကို အသက်သွင်းရတာလေ' ဟု ဆယ့်ရှစ်ရာစု အစောပိုင်း၊ မဟာပီတာ ဘုရင် လက်ထက်တော်ကို နောက်ခံပြုထားခြင်းကို သူက တင်စားသည်။

ထိုနှစ် နွေဦးတွင် ဇနီးလုပ်သူက သူ့စာအုပ်စင်မှ ပွတ်ရှ်ကင်ပေါင်းချုပ်ကို ထုတ်ယူလာသည်။ သားလုပ်သူ ဆာဂျီ ဖတ်နိုင်လောက်ပြီ။ သည်အကြောင်းကို တော်လ်စတွိုင်းက အောက်ပါအတိုင်း မှတ်တမ်းရေးသွားသည်။

> မနေ့က အလုပ်ပြီးတာနဲ့ မိတိုင်းလိုပဲ ပွတ်ရှ်ကင် ဝတ္ထုတိုပေါင်းချုပ်ကို ကောက်ကိုင်လိုက်တယ်။ (ကျွန်အထင် ဒါဟာ သတ္တမအကြိမ်မြောက် ဖတ်တာဖြစ်မယ်) ပြီးတော့ ရှေ့ဆုံးကနေ နောက်ကျော ဖုံးအထိ ဖတ်တယ်။ ပထမအကြိမ် ဖတ်တုန်းကအတိုင်း၊ လက်က မချနိုင်ဘဲ ထောက်လျှောက်ဖတ်တယ်။ ဒီတစ်ခါ ဖတ်ရတာ ပိုထူးခြားသလိုပဲ။ စိတ်ထဲက သံသယတွေ အားလုံး ရှင်းသွားတယ်။ ဘယ်စာရေးဆရာကိုမှ ပွတ်ရှ်ကင်လောက် ကျွန်တော် မကြိုက်ဖူးခဲ့ဘူး။ The Shot, The Captain's Daughter, Egyptian Nights, ကြည့်ပါဦးများ၊ ဘယ်လောက်ကောင်းတဲ့ ဝတ္ထုတွေလဲ။ ပြီးတော့ ရှိသေးတယ်၊ The Guests arrived at the summer House.
>
> ကျွန်တော့်ဝတ္ထုရှည်ကြီးက ဘယ်လိုဆုံးမယ်၊ ဘာအကြောင်းတွေ ဖြစ်မယ်ဆိုတာ ဘာမှ မသဲကွဲသေးဘူး။ အဖြစ်အပျက်တွေ ဇာတ်ကောင်တွေကို ကျွန်တော် စဉ်းစားတယ်။ ပြီးတော့ ချဲ့ယူတယ်။ ပြီးတော့ ထုံးစံအတိုင်း ပြန်ပြင်တယ်။ အဲဒီမှာ ရုတ်တရက်ကြီး တစ်စုတစ်စည်းတည်း ဖြစ်လာပြီး ရုပ်လုံးတွေ ကြွလာတယ်။ အရမ်းနိုင်မာလာတယ်။ အဲဒီအခါမှ ကျွန်တော်ပြောတဲ့ နိဘယ်လ် ပုံသဏ္ဌာန် ပေါ်လာတာ။ ပထမမူကြမ်းဟာ မကြာခင်အတွင်းမှာ ပြီးသွားတယ်။ သိပ်လှုပ်ရှားအသက်ဝင်တဲ့၊ သိပ်စွဲမက်စရာကောင်းတဲ့၊ သိပ်ပြီးပြည့်စုံတဲ့ နိဘယ်လ်ကြီးတစ်ခု ဖြစ်လာတယ်။ ကျွန်တော့်ဘာသာ ကျွန်တော်တော့ သိပ်ကျေနပ်နေမိတယ်။ နောက် ဆယ့်ငါးရက်ဆို အချောသပ်နိုင်မှာပါ။ ကျွန်တော့်ကို ဘုရားသခင်က အသက်ရှူခွင့် ပေးထားသေးရင်ပေါ့လေ။ ကျွန်တော် တစ်နှစ်ပတ်လုံး အပတ်တကုတ် ကြိုးစားခဲ့တာတွေဟာ ဒီစာအုပ်နဲ့ စာရင် ဘာမှ မပြောပလောက်ပါဘူး။

စင်စစ် အင်နာကာရေနီနာသည် တော်လ်စတွိုင်းပြောသလို ဆယ့်ငါးရက်နှင့် မပြီးခဲ့ပါချေ။ နောက်ထပ် လေးနှစ်ကြာသွားသည်။ လေးနှစ်လုံးလုံး မဟာပွတ်ရှ်ကင်၏ ကျေးဇူးတော်ကြောင့် ပြင်လိုက်၊ ဖျက်လိုက်၊ ပြောင်းလိုက်၊ ရွှေ့လိုက် ထပ်ဖြည့်လိုက်ဖြင့် ဦးစွာ အာရုံရထားသည့် အင်နာကာရေနီနာနှင့် ဝေး၍ ဝေး၍ သွားလေတော့သည်။

အင်နာကာရေနီနာအကြောင်းကို ကျွန်တော်တို့ စတင် ကြားရသည်မှာ တော်လ်စတွိုင်းထံမှ မဟုတ်၊ သူ့ဇနီး ဆိုဖီယာထံမှ ဖြစ်သည်။ ၁၈၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နေ့စဉ်မှတ်တမ်းတွင် ဆိုဖီယာက အောက်ပါအတိုင်း ရေးထားသည်။

> သူ(တော်လ်စတွိုင်း) က တစ်နေ့မှာ ကျွန်မကို ပြောတယ်၊ အထက်တန်းလွှာ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်အကြောင်းကို သူ ရေးမယ်လို့ ကျွန်မကို ပြောပါတယ်။ အမျိုးသမီးဟာ သူ့ဘဝကို သူ ဖျက်ဆီးပစ်လိုက်တယ်။ အပြစ်တွေ ကျူးလွန်ခဲ့ပေမယ့် သူ့ကို သနားစရာ၊ ချစ်စရာ ဖြစ်အောင် ရေးမယ်တဲ့။ ဇာတ်ကောင်တွေနဲ့ သူတို့လှုပ်ရှားရမယ့် နေရာဒေသတွေကို သူ အစောကြီး ရှာထားတယ်။ 'ခုတော့ ငါ့ခေါင်းထဲမှာ အားလုံးရှင်းသွားပြီ' လို့ ကျွန်မကို ပြောပါတယ်။

နောင် သုံးနှစ်အကြာ တကယ် ချရေးဖြစ်သည့်အခါတွင် တော်လ်စတွိုင်းသည် မိန်းမကို သူပြောခဲ့သည့်အတိုင်း အကောင်အထည် မဖော်နိုင်ခဲ့ပေ။ အိမ်ထောင်ရေး ဖောက်ပြန်ခဲ့သော သူ့ဇာတ်လိုက်မင်းသမီးကို "ပြစ်မျိုးမွဲမထင်အောင်" မရေးဖြစ်တော့ဘဲ အကြင်အမျိုးသမီးအား လူနေမှုစနစ်၏ စီရင်ချက်များဖြင့် အပြစ်ပေးခဲ့ရလေသည်။ စွဲချက်တင်ခဲ့ရလေသည်။

အမျိုးသမီး၏ ကံကြမ္မာကို တကယ့်အဖြစ်အပျက် တစ်ခုနှင့် ယှဉ်ပြီး သူ ရေးသွားခြင်းဖြစ်သည်။ ၁၈၇၂ ခုနှစ် ဇန်နဝါရီလထဲတွင် သူ၏ ယာစနာယာပေါလယာနာနှင့် မလှမ်းမကမ်းမှ ဇာတ်လမ်းတစ်ပုဒ်ဖြစ်၏။ အင်နာစတီပါနိုဗာ ဟူသည့် အမျိုးသမီးသည် တော်လ်စတွိုင်း၏ မိတ်ဆွေ မြေပိုင်ရှင်ကြီး တစ်ဦး၏ ချစ်သူဖြစ်သည်။ ထိုမြေပိုင်ရှင်ကြီးက သူ့ကို စွန့်ပစ်လိုက်သည့်အခါ အမျိုးသမီးက ကုန်ရထားကြီးတစ်စီးအောက်သို့ ပစ်လှဲပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်။ တော်လ်စတွိုင်းက တစ်စစီ ဖြစ်သွားသော အလောင်းကို ဘူတာရုံတွင် သွားကြည့်ခဲ့သည်။ သည်အဖြစ်အပျက်သည် စာရေးဆရာ၏ ရင်ထဲတွင် ငြိနေခဲ့သည်။

ဤသို့ဖြင့် တော်လ်စတွိုင်းသည် သူ၏အင်နာကို ပွတ်ရှ်ကင်၏ "The Guests Arrived at the Summer House" ဇာတ်ကဲ့သို့ အဆုံးမသတ်တော့ဘဲ မင်းသမီးကို အပြစ်ပေးလိုက်တော့သည်။

ပထမဆုံး သူ ရေးထားသည့် အင်နာ၏ ဇာတ်ရုပ်မှာ ကျွန်တော်တို့ ဖတ်ရသည့် အင်နာနှင့် တခြားစီဖြစ်သည်။

နာမည်ကိုလည်း အမျိုးမျိုးပေးထားသည်။ တော်တော်နှင့် အတည်မဖြစ်။ "တာတီယာနာ" ဖြစ်လိုက်၊ "အနက်စတာရှာ" ဖြစ်လိုက်၊ "နာနာ" ဖြစ်လိုက်နှင့် ရုပ်ကြမ်းလှကြမ်း ဝတုတ်တုတ် မင်းကတော်တစ်ယောက်၊ လူငယ်စစ်ဗိုလ်ကလေးနှင့်တွဲပြီး အရှက်မဲ့စွာဖြင့် ပါတီပွဲတွေ တက်လာလျှင် အားလုံး အထိတ်တလန့် ဖြစ်ကြရသည်။ သည်အမျိုးသမီး၏ သွားလာလှုပ်ရှားပုံက ကျက်သရေ မရှိ၊ စကားပြောလျှင် အော်ပြောတတ်သည်။ အကျယ်ကြီး အော်ရယ်တတ်သည်။ အရုပ်ဆိုးပုံကိုလည်း အသေးစိတ် ရေးထား၏။ "နဖူးကျဉ်းကျဉ်း၊ မျက်ခေါက်ကျဉ်းကျဉ်းနှင့် နှုတ်ခမ်းထူထူ နာခေါင်းပြားပြား ..."

သူ့ယောက်ျားနာမည်ကို ပထမ ပွတ်ရှ်ကင်ဟု ပေးထားသည်။ နောက်မှ ကာရာနင်ဟု ပြောင်းလိုက်ခြင်းဖြစ်သည်။ ကာရာနင်ကို ပညာတတ်အရာရှိကြီးတစ်ယောက်၊ ညင်သာသော၊ ကျိုးနွံသော၊ ဘာသာရေးကိုင်းရှိုင်းသော လူရိုးတစ်ယောက် အဖြစ် သရုပ်ဖော်သည်။ နောက်ဆုံးတွင် သူက ပြင်ဘာက် ဂါဂျင် (နောက်မှ ဗရွန်စကီဟု ပြောင်းလိုက်ခြင်း ဖြစ်သည်) လက်သို့ မိန်းမကို ထည့်ပေးလိုက်သည်။

သူ ပုံကြမ်းရေးဆွဲထားသည့် ဇာတ်ကောင်များထဲတွင် တော်လ်စတွိုင်းက ကာရာနင်၏ ပြိုင်ဘက်ကို လူချော တစ်ယောက်၊ နူးညံ့သိမ်မွေ့သူ တစ်ယောက်အဖြစ် ရေးဖွဲ့သည်။ တစ်နေရာတွင် ကဗျာရေးတတ်သူတစ်ယောက် အဖြစ်ပင် အမွှမ်းတင်ထားသေးသည်။ ဝတ္ထု ပုံသဏ္ဌာန်မှာ လင်ရယ်၊ မယားရယ်၊ ချစ်သူရယ် သုံးဦး သုံးဖလှယ်တို့၏ တြိဂံဇာတ်လမ်း ဖြစ်သည်။ နောက်ဆုံးတွင် ဖောက်ပြားသူတို့သည် ပတ်ဝန်းကျင်၏ တံတွေးခွက်တွင် ပက်လက်မျောကြပြီး ဘုရားမရှိ တရားမရှိ နတ္ထိကဝါဒီတို့ကသာ သူတို့ကို လက်ခံကြသည်။ ဝတ္ထု၏ အခြားမျက်နှာစာတစ်ဖက်တွင် ကစ်တီနှင့် လီဗင်တို့၏ ဇာတ်လမ်း ပါသည်။ ချာဘက်စကီ မိသားစု မပါ၊ အော့ဘလွန်စကီ မိသားစုအကြောင်း စဉ်းငယ်မျှသာ ပါသည်။ လီဗင်ကို ပထမ အော်အင်ဆက်ဗ်ဟု နာမည်ပေးသေးသည်။ နောက် လီနင် လုပ်လိုက်သေးသည်။ နောက်ဆုံးမှ လီဗင် အတည်ဖြစ်သွားသည်။ သူတို့မှာ မထင်မရှား၊ ဇာတ်ရံများသာ ဖြစ်သည်။

ပထမဆုံးရေးသည့် ယင်းမူကြမ်းတွင် တော်လ်စတွိုင်းက ယောက်ျားလုပ်သူကို ကရုဏာသက်ပြီး ဖောက်ပြားသူ ဇနီးကို ရှုတ်ချထားသည်။ နိဘယ်လ်ဝတ္ထုရှည်ကြီးအဖြစ် ပြန်ရေးသည့်အခါတွင်မှ အင်နာကို ရုပ်လုံးကြွလာအောင် ဖြယ်မှုန်းပြီး ယောက်ျား၏ စရိုက်ကို လျှော့ချပစ်လိုက်သည်။ ဒုစရိုက်ပြုမှားမိသူ အင်နာကို သနားစရာ ချစ်စရာဖြစ်အောင် အဓိအပြင် ရေးဖွဲ့ပြီး ယောက်ျားလုပ်သူ ပညာတတ် အထက်တန်းအရာရှိကြီးကို သီလကြောင်တစ်ယောက် ဖြစ်သွားအောင် လုပ်ပစ်လိုက်သည်။ လူငယ်စစ်ဗိုလ်ကလေးကိုလည်း ငယ်ငယ်တုန်းက စွဲမက်ချင်စရာတွေ၊ ကဗျာဉာဏ် ကွန့်မြူးချင်တာတွေ လျှော့ချပစ်လိုက်သည်။ (ဝတ္ထုထဲတွင် ဗရွန်စကီ ကဗျာရေးတာ မတွေ့ရပါ။ အပျော်တမ်း ပန်းချီဆွဲခြင်းသာ ပါသည်။ ဘာသာပြန်သူ)

နာဘိုကော့ဗ်က ဗရွန်စကီကို 'ခပ်တုံးတုံးကောင်ပါ။ သူ့စိတ်ဓာတ်ကလည်း ခပ်ညံ့ညံ့ထဲကပါ' ဟု မှတ်ချက်ချသည်။ သို့သော် ဇာတ်လမ်းအတွက် အခြေခံအကျဆုံး အားအကောင်းဆုံး အခန်းမှာ သူ နောက်ထပ်ဖြည့်ရေးသည့် ချာဘက်စကီ မိသားစု၊ ကစ်တီနှင့်ဒေါ်လီ ညီအစ်မ၊ ပြီးတော့ ဒေါ်လီက အင်နာ့မောင် အော့ဘလွန်စကီနှင့် လက်ထပ်၊ ပြီးတော့ လီဗင်ကို အဓိကဇာတ်ဆောင် တစ်ယောက် ဖြစ်လာအောင် တွန်းပို့ စသည် စသည် အခန်းများ ဖြစ်သည်။

သည် ဖြည့်ရက်မှုများကြောင့် အင်နာကာရေနီနာသည် တကယ့်နိဘယ်လ်ကြီး ဖြစ်လာခဲ့သည်။ ပြုပြင်ပြောင်းလဲ ဘဝ အပြုအမူတွေ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြသွားသည့် မှန်ကွဲတွေနှင့် ဝေဆာနေတော့သည်။ စတီဗာနှင့် ဒေါ်လီ၊ အင်နာနှင့် ကာရာနင်၊ ကစ်တီနှင့် ဗရွန်စကီ၊ အင်နာနှင့် ဗရွန်စကီ၊ ကစ်တီ နှင့် လီဗင်၊ စသူ စသူတို့၏ ပျော်ရွှင်မှုများ၊ မျက်ရည်များသည် ဇာတ်ရှိန်ကို မြင့်သထက် မြင့်တက်သွားစေသော အားပြိုင်မှုများ ဖြစ်သည်။ အဓိကဇာတ်ဆောင် ခုနစ်ဦးတို့သည် တစ်ယောက်နှင့် တစ်ယောက် နီးလာလိုက်၊ ဝေးသွားလိုက်၊ ချစ်လိုက်၊ မုန်းလိုက်နှင့်၊ တစ်ပြိုင်တည်းတွင် သူတို့၏ နောက်ခံကားချပ်များသည်လည်း တဖျတ်ဖျတ် ပြောင်းနေသည်။ ပီတာစဘတ်မှသည် မော်စကိုသို့၊ ရုရှားမှသည် ဂျာမနီသို့၊ မြို့ကြီးပြကြီးမှသည် ပြည်နယ်များဆီသို့ ကျေးလက် ယာတောများဆီသို့ တစ်ရှိန်ထိုး ပြောင်းနေသည်။ အဓိကဇာတ်ဆောင် ခုနစ်ဦးသည်လည်း အလားတူစွာ လူးလာခေါက်ပြန် လှုပ်ရှားနေကြသည်။

ဤသို့ဖြင့် ၁၈၇၃ ခုနှစ် နွေဦးတွင် တော်လ်စတွိုင်း စရေးခဲ့သည့် ဝတ္ထုကြီးသည် အိမ်ထောင်ရေးဖောက်ပြားသည့် မိန်းမတစ်ယောက်အကြောင်းသာ မဟုတ်တော့ဘဲ ရက်ကန်းရက်သည့်နယ် အထပ်များစွာ၊ အခေါက်များစွာနှင့် ရောင်စုံပြနေသည့် ဂန္တဝင်နိဘယ်လ်ကြီး အဖြစ်သို့ ရောက်ရှိခဲ့လေတော့သည်။

(၃)

'လီဗင်ဟာ ရှင်ကိုယ်တိုင်ပဲ၊ စာရေးပုံရေးနည်းပဲ ကွာတယ်'

ပထမတွဲဖတ်ပြီး တော်လ်စတွိုင်းကို ဤသို့မှတ်ချက်ချသူမှာ ဇနီးလုပ်သူ ဆိုဖီယာအင်ဒရေးဗနာဖြစ်သည်။ ဆိုဖီယာက ဆက်ဝေဖန်သေးသည်။

'အပေါင်းရ အသင်းရကျဉ်တဲ့ နေရာမှာ ရှင်နဲ့လီဗင် အတူတူပဲ'

မှန်ပါသည်။ အဓိကဇာတ်ဆောင် ဖြစ်လာသည့် လီဗင်သည် တော်လ်စတွိုင်း၏ ပုံတူဖြစ်သည်၊ ကိုယ်ပွားဖြစ်သည်။ လီဗင်သည် သူ့ကိုဖန်ဆင်းသည့် တော်လ်စတွိုင်းကဲ့သို့ပင် ပင်ကိုစရိုက်က ခပ်ရိုင်းရိုင်းဖြစ်သည်။ တွေးခေါ်မြော်မြင်ရာတွင်လည်း အတူတူဖြစ်သည်။ အမဲလိုက်ရာ၊ တောသူတောင်သားများကို တွယ်တာရာတွင်လည်း တစ်ပုံစံတည်း။ အတူ အပေါင်းများ၊ အပေါင်းအသင်းများ၊ အမြီးအမောက် မတည့်တာများကို ဝေဖန်ရာတွင်လည်း လီဗင်နှင့် တော်လ်စတွိုင်း တစ်ပေသတ်တည်း ဖြစ်သည်။ အစိုးရ ဗျူရိုကရေစီ ယန္တရားကို ဝေဖန်သည်။ ပြည်နယ်ရွေးကောက်ပွဲတွေကို ဝေဖန်သည်။ နောက်ဆုံးပေါ် ဂီတကို ဝေဖန်သည်။ သည်ကိစ္စအားလုံး တော်လ်စတွိုင်းက လီဗင့်ကိုစီးပြီး ပြောနေခြင်းဖြစ်သည်။ (အပြည့်အစုံကို တော်လ်စတွိုင်းက What is Art? စာတမ်း ရေးပြီး ၁၈၉၈ ခုနှစ်တွင် ထုတ်ဝေသည်။ ယင်းစာတမ်းတွင် ဝဂ္ဂနာ၏ အော်ပရာများကို ခံစားလို့ မရကြောင်း ဖွင့်ချထားသည်)

လီဗင်၏ မိုးမခရိပ်မြိုင်သည် တော်လ်စတွိုင်း၏ ယာစနာယာပေါလယာနာ ဖြစ်သည်။ လီဗင်နှင့် ကစ်တီတို့၏ မင်္ဂလာဆောင်သည် တော်လ်စတွိုင်းနှင့် ဆိုဖီယာတို့၏ လက်ထပ်ပွဲနှင့် တစ်ထေရာတည်းဖြစ်သည်။ ကစ်တီကို ထူးထူးဆန်းဆန်း လီဗင် ချစ်ရေးဆိုပုံ၊ သူ၏ နေ့စဉ်မှတ်တမ်း ဖတ်ခိုင်းပုံ၊ ဘုရားကျောင်းတွင် အပြစ်ဝန်ခံခန်းကို မကျေနပ်ပုံ မင်္ဂလာဆောင်မည့်နေ့တွင် ချာဘက်စကီအိမ်ကြီးသို့ ရောက်သွားပုံ၊ အကျီရွေးဖို့ မေ့သွားပုံ၊ အားလုံးမှာ တော်လ်စတွိုင်း၏ အဖြစ်အပျက်များ ဖြစ်သည်။ လီဗင်၏ အစ်ကို နီကိုလေ သေပုံမှာ တော်လ်စတွိုင်း၏အစ်ကို နီကိုလေ သေပုံအတိုင်းဖြစ်သည်။ ဝတ္ထုထဲမှ အဓိက ဇာတ်ကောင်များကော၊ အခန်းများပါ တော်လ်စတွိုင်း၏ ဘဝထဲမှ သက်ရှိလူများဖြစ်သည်။ အင်နာနှင့် ဗရွန်စကီမှလွဲ၍ အားလုံးမှာ သူတို့တစ်တွေကို ကြည့်ပြီး တော်လ်စတွိုင်းက ရေးဖွဲ့ခြင်းဖြစ်သည်။

အင်နာကာရေနီနာကို ရေးနေစဉ် တော်လ်စတွိုင်းသည် ဘာသာရေးနှင့် ပတ်သက်၍ ရှုပ်ရှုပ်ထွေးထွေး ဝေခွဲမရ ဖြစ်နေသည်။ နောက်ဆုံးအချိန်အထိ မရေးမရာနှင့် လီဗင်အတိုင်း အဆုံးသတ်လိုက်ရသည်။ အင်နာကာရေနီနာ အပိုင်းရှစ်မှ အောက်ပါ အပိုဒ်သည် လီဗင်နှင့်အတူ ထပ်တူထပ်မျှ မျက်စိလည်ခဲ့ရပုံကို တော်လ်စတွိုင်း ဖွင့်ချသွားခြင်း ဖြစ်သည်။

> "သေရမှာကို ကြောက်သည်ထက် နေရမှာကို ပိုကြောက်လာသည်။ ဘာကြောင့် ဒီနေရာကို ရောက်နေမှန်းမသိဘဲ ငါ ဘယ်လိုလုပ်ပြီး အသက်ရှင်နေနိုင်မှာလဲ၊ သိအောင် မလုပ်နိုင်ရင် ဘာလို့ အသက်ရှင် နေတော့မလဲ ... အဓိပ္ပာယ်ရှိအောင် လုပ်ဖို့ တစ်နည်းပဲရှိတယ်၊ အဲဒါ သေခြင်းတရားကို လက်ခံဖို့။ လီဗင်သည် သူ့အိမ်ထောင်ရေးဘဝတွင် အောင်မြင်စွာ ပျော်ရွှင်နေသူဖြစ်သည်၊ သူသည် ကျန်းမာသန်စွမ်းသူလည်း ဖြစ်သည်။ သို့စဉ်လျက် သူ့ကိုယ်သူ သတ်သေမိမည်စိုး၍ ဆွဲကြိုးမချမိအောင် ကြိုးတွေကို ဝှက်ထားရသည်။ ကိုယ့်ကိုယ်ကိုယ် ပစ်မိမည်စိုးသဖြင့် သေနတ်ကိုင်ပြီး တောလည်သည့် အလုပ်ကိုလည်း မလုပ်ရဲတော့"

လီဗင်အတိုင်း သူ တိမ်းတိမ်းမှောမှော ဖြစ်ရပုံကို တော်လ်စတွိုင်းက သူ၏ Confession (အင်နာကာရေနီနာ ထွက်ပြီး နောက်တစ်နှစ်တွင် ထွက်သည်) တွင် ဘဝအဓိပ္ပာယ် ရှာဖွေပုံကို ဤသို့ ဖော်ထုတ်ခဲ့သည်။

> ကျန်းမာပျော်ရွှင်နေသော်လည်း ကျုပ်သည် သည်ဘဝတွင် ဆက်၍မနေလိုတော့ပေ။ တစ်စုံတစ်ရာက ကျုပ်အား ဆက်လက်အသက်ရှင် မနေဖို့ လှုံ့ဆော်နေသည့်အလား။ ဤသို့ဖြင့် ပျော်ရွှင်နေသော်လည်း ကျွန်တော့်အခန်းထဲမှ ရက်မပေါ် ကြိုးပစ်တင်ပြီး ဆွဲကြိုးချမိမည်စိုးသဖြင့် ကြိုးနှင့်တူတာ မှန်သမျှ ဝှက်ထားရသည်။ တစ်ယောက်တည်း သေနတ်တစ်လက်နှင့် တောလည်သည့် အလုပ်ကိုလည်း မလုပ်ရဲတော့။ မတော် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်မိနိုင်သည် မဟုတ်လား။

အင်နာကာရေနီနာကို ရေးသည့်အချိန်သည် တော်လ်စတွိုင်း၏ ဘဝတွင် အရေးကြီးဆုံး အလှည့်အပြောင်းတွေ ဖြစ်ပေါ်နေချိန် ဖြစ်သည်။ ရေးနေချိန်တွင် ကိုယ်ကျင့်တရားနှင့် လောကနီတိကို စာရေးဆရာတစ်ယောက် အနေဖြင့် ထိန်းထားနိုင်သေးသည်။ သို့သော် နောက်ပိုင်းတွင် အင်နာက စာရေးဆရာကို လွှမ်းမိုးပစ်လိုက်တော့သည်။

အင်နာ့ကို ပုံဖော်ရာတွင် ဘက်မလိုက်မိအောင် ထိန်းရသည့်အလုပ်မှာ အလွန်မလွယ်လှကြောင်း ကျွန်တော်တို့ လေ့လာမိသည်။ စင်စစ် အင်နာ၏ ပဟေဠိဆန်သည့် ဘဝသည်ပင် ဝတ္ထု၏ နှလုံးသားဖြစ်နေသည်။ ပထမမူကြမ်းတွင် သည်သို့မဟုတ်၊ အမျိုးသမီး၏ အတိတ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ ဆယ့်ရှစ်နှစ်အရွယ်တွင် အိမ်ထောင်ကျသည်။ ယောက်ျားက သူ့ထက် ဆယ့်နှစ်နှစ်ကြီးသည်။ မင်းစိုးရာဇာ အထက်တန်းလွှာတွင် ပေါ်ပေါ်လွင်လွင် နေရသည့်ဘဝကို အချစ်ဟု ထင်မှတ်မှားခဲ့သည်။ အသက်သုံးဆယ်အရွယ် ရောက်ခါမှ မိန်းမတစ်ယောက်၏ဘဝကို ပြည့်ပြည့်ဝဝ နားလည်လာခဲ့သည်။ ထိုအချိန်တွင် 'သူ့ဝိညာဉ်သည် အပမိုနေလေပြီ၊ သည်လို မကောင်းဆိုးဝါး စီးနေမှန်းလည်း အင်နာ သိနေသည် စသဖြင့် တော်လ်စတွိုင်းက ထုတ်ပြောသည်။ သူ့မင်းသမီးကို သည်လို သည်လို ဝေဖန်ပြီး နောက်ဆုံး အချောရေးသည့်အခါ လုံးဝနီးပါး ပြောင်းပစ်လိုက်သည်။ အင်နာ၏ အတိတ်၊ အင်နာ၏ ဘဝသရုပ်၊ အင်နာ၏ ရုပ်မှန်းချက်၊ အားလုံး တစ်မျိုး ဖြစ်ကုန်သည်။ အတိတ်ကို ခပ်ဝါးဝါးသာ ပြထားသည်။ ထင်ထင်ရှားရှား အင်နာသည် ရေးရေးမှုန်မှုန်အင်နာ ဖြစ်သွားတော့သည်။

အင်နာ၏ ခပ်ဆိုးဆိုးညှဉ်ကို အပိုင်းတစ် ကပွဲခန်းမဆောင်တွင် လုစ်ခနဲ တစ်ချက်ပြလိုက်သည်။ ကစ်တီလက်ထဲမှ ဗရွန်စကီကို ညှို့ယူဖမ်းစားသည့် မျက်နှာပေးဖြစ်၏။ သည်အတွက် လူတိုင်း အံ့ဩရသလို အင်နာကိုယ်တိုင်လည်း သူ့ဘာသာသူ အံ့ဩနေသည်။

မမြင်နိုင်သည့် အင်အားတစ်မျိုးက မကောင်းဆိုးဝါး စီးသလို အင်နာ့ကို မကြာခဏ စီးတတ်သည်။ သို့သော် အစဉ်အမြဲ မဟုတ်။ တော်လ်စတွိုင်းသည် သူ့မင်းသမီးကို ကြာလေ နားမလည်လေ ဖြစ်လာသည်။

နောက်ဆုံး စာအုပ်ထွက်လာသည့် အခါတွင်မှ အင်နာ၏ အပြောင်းအလဲများသည် တမင်ကြိုတင် ပြင်ဆင်ထားသည့် အပြောင်းအလဲများ မဟုတ်မူဘဲ လျှပ်တစ်ပြက်ခံစားမှုများ ဖြစ်ကြောင်း ကျွန်တော်တို့ တအံ့တဩ တွေ့ကြရသည်။ အင်နာ၏ နောက်ဆုံးပုံရိပ်သည် လုံးဝ ပြုပ်မှဲ့ စိတ်ကူးယဉ်ဇာတ်ရုပ်ဖြစ်သည်ဟု ဗွန်ဘေလီက လုလုပပ ဝေဖန်သွားသည်။ ကျွန်တော်တို့ အနေဖြင့် တော်လ်စတွိုင်း၏ စာပေတွင် ရှာဖွေမတွေ့ရှိနိုင်သည့် အချက်ဖြစ်ပါသည်။

စင်စစ် တော်လ်စတွိုင်းသည် အင်နာ့ကို မျက်ခြည်ပြတ်သွားခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် အင်နာ့ကို သူနှင့် အနီးဆုံးနေရာသို့ ရောက်အောင် ခေါ်ယူပြီးမှ သူ့ကိုယ်တွင်းသို့ အင်နာ ဝင်ရောက် ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

အင်နာ၏ နောက်ဆုံးအချိန်၊ ဇာတ်သိမ်းခန်းသည် တော်လ်စတွိုင်းက ပြောပြနေသည်နှင့် မတူတော့ဘဲ အင်နာကိုယ်တိုင် ပြောပြနေဘိသကဲ့သို့ ပြောင်မြောက်လှသည်။ သူ့ လက်ရာများထဲတွင် အထူးခြားဆုံးဟု ဆိုရမည်။

သူငယ်ချင်းလည်း ဖြစ်၊ အယ်ဒီတာလည်းဖြစ်သော ကျောင်းဆရာ ရာချင်စကီက အင်နာကာရေနီနာနှင့် ပတ်သက်၍ တော်လ်စတွိုင်းကို ဝေဖန်သည်။ ဇာတ်လမ်းတည်ဆောက်ပုံ စနစ်မကျ၊ ဇာတ်လမ်းနှစ်ပုဒ် အပြိုင်ခင်းကျင်းထားရာတွင် ပြောင်မြောက်သော်လည်း အဆက်အစပ်မရှိ။ သူ့ဝေဖန်ရေးကို တော်လ်စတွိုင်းက ၁၈၇၈ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြန်ကြားသည့်စာမှာ စိတ်ဝင်စားဖို့ကောင်းသည်။

> "အင်နာကာရေနီနာအပေါ် ကိုရင့်အမြင် လွဲနေတယ်၊ ဇာတ်လမ်းတည်ဆောက်ပုံ ကောင်းလွန်းအားကြီးလို့ ကျုပ်က ဂုဏ်ယူနေတာဗျ။ ကျုပ် တည်ဆောက်ထားပုံစနစ်က ကြည့်နိုင်မှ မြင်တာ၊ ကြည့်တတ်မှ မြင်တာ၊ ဝတ္ထုတည်ဆောက်ထားတဲ့ အစွန်းအစတွေကို၊ ပေါင်းစည်းထားပုံကို ဇာတ်လမ်းထဲမှာ သွားမရှာနဲ့၊ ဇာတ်ဆောင်တွေဆီမှာ သွားမရှာနဲ့၊ သူတို့ရဲ့ အတွင်းအတွေးတွေနဲ့ စုစည်းထားတာ၊ သေသေချာချာ ကြည့်ပါ ... ကိုရင် တွေ့ပါလိမ့်မယ်"

ညီညွတ်သေသပ်စွာနှင့် လျှို့ဝှက်စွာ အနားသတ် ဖွဲ့စည်း၊ ချိုးဆွဲထားခြင်း ကိစ္စနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် နှစ်နှစ်ခန့် ကတည်းက စထရာခေါ်ဗ်ဆီသို့ တော်လ်စတွိုင်း စာတစ်စောင် ရေးဖူးသည်။

> ကျုပ် ရေးသမျှထဲမှ အဲ ... ရေးသမျှထဲက အားလုံးနီးပါးထဲမှာ အတွေးတွေကို စုစည်းပေါင်းစပ်ရတယ်။ အဲဒီအလုပ်ဟာ သိပ်စိတ်လှုပ်ရှားစရာကောင်းတယ်။ အဲဒီအတွေးတွေကို စကားလုံးတွေနဲ့ သီးခြားဖော်ပြရတာ ဖြစ်ပေမယ့် အားလုံးဆက်စပ် ယှက်နွယ်နေတယ်။ သူတို့တစ်တွေကို စုစည်းပေါင်းစပ်လိုက်တဲ့အခါ စကားလုံးတစ်လုံးချင်းရဲ့ အဓိပ္ပာယ် ပျောက်သွားတယ်။

ဝတ္ထုရှည်ကြီးထဲမှ မျဉ်းပြိုင်ဇာတ်လမ်းနှစ်ခု၏ အားပြိုင်မှုမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုပင် ဖြစ်ပါသည်။ လီဗင်နှင့် ကစ်တီတို့၏ ပျော်ရွှင်ချမ်းမြေ့သည့် အိမ်ထောင်ရေးဘဝနှင့် အင်နာ နှင့် ဗရွန်စကီတို့၏ အနိဋ္ဌာရုံပြင်းသည့် ဇာတ်လမ်းမှာ အထင်ရှားဆုံး အားပြိုင်မှုဖြစ်သည်။ တော်လ်စတွိုင်းက အင်နာ နှင့် လီဗင်တို့ နှစ်ယောက်၏ အဆက်အစပ်ကို ဖြုတ်ထားသည်။ သူတို့နှစ်ယောက် တစ်ခါပဲ တွေ့ဖူးကြသည်။

မကောင်းမှုဒုစရိုက်ကို ပြုမှားမိသူသည် ယင်းပြစ်မှုအတွက် ပြစ်ဒဏ်ခံရမည်ဟူသည့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ လောကနီတိက တော်လ်စတွိုင်းအား အကြီးအကျယ် လွှမ်းမိုးထားသည်။ ထို့ကြောင့် အင်နာ မလွဲမသွေ သေရပေမည်။ ဝတ္ထုထဲတွင် အင်နာနှင့် ဗရွန်စကီ တွေ့သည့်နေ့တွင် သေခြင်းတရားကို ပြသည်။ အင်နာနှင့် သေခြင်းတရားသည် ဝတ္ထုထဲသို့ တစ်ပြိုင်တည်း ဝင်လာကြသည်။ ပြီးတော့ အိပ်မက်တွေထဲတွင် သေခြင်းတရားကို ပြသည်။ တိုတောင်းလှသော သူတို့၏ အတူနေ ဘဝငယ်ကလေးကို သေခြင်းတရားက အမြဲတမ်း ခြိမ်းခြောက်နေသည်။

လီဗင်၏ အပျော်ဆုံးအချိန်များကိုလည်း သေခြင်းတရား အရိပ်မည်းကြီးက ဝင်ရောက် အုပ်မိုးလာတတ်သည်။ အပိုင်း ၅ အခန်း (၁၀) တွင် လီဗင့်အစ်ကို နီကိုလေ သေအံ့မူးမူးအချိန်၊ ဘဝတကျောကြောင့် သေခြင်းတရားနှင့် ရန်းကန် တိုက်ခိုက်ပုံကို အသေးစိတ် ရေးပြသွားသည်။ ပြီးတော့ သေခြင်းတရား၏ ရှေ့မှောက်တွင် အင်နာ ဒူးထောက် အရှုံးပေးလိုက်သည့်အခန်း။ လီဗင်က အရှုံးမပေးဘဲ ဆက်လက်တိုက်ပွဲဝင်သည်။ အောင်မြင်သည်။ ခဏဖြစ်စေပေါ့။

သို့ကြားလည်း လီဗင်သည် မိုးမခရိပ်မြိုင်တွင် မိသားစုတွေ၊ အလုပ်သမား၊ လယ်သမားတွေနှင့် အတူနေပြီး အင်နာ၏ နောက်ဆုံးနေ့များကဲ့သို့ပင် အထီးကျန်ဖြစ်နေသည်။ စိတ္တဇ ဆန်ဆန် အထီးကျန်ဝေဒနာ ခံစားနေရပုံမှာ လီဗင်နှင့် အင်နာ တစ်ပုံစံတည်းဖြစ်သည်။ သူတို့နှစ်ယောက်သည် စာရေးဆရာ၏ ရောဂါကူးစက်ခြင်း ခံသွားရသူများ ဖြစ်လေသည်။

ရစ်ချတ် ပီဗီးယား
(Richard Pevear)